
# ထားဝယ်အမျိုးသားတော်လှန်ရေး နှင့်
# နေမျိုးရဲလှရွှေတောင်နော်ရထာထံ ပေးသည့် စစ်မိန့်တော်



မျက်နှာဖုံး - ဒါဝယ်မြို့နေမျိုးရဲလှရွှေတောင်ကို ပေးသည်စာလက်ကွဲ၊ ဓာတ်ပုံ- သော်ဇင်လတ်


မြန်မာ့သမိုင်းတွင် ထားဝယ်မြို့သည် ပထဝီဝင်အနေအထားအရ ဗျူဟာမြောက်သော ကမ်းရိုးတန်းမြို့တစ်မြို့ ဖြစ်သည်။ အထူးသဖြင့် ပထမ အင်္ဂလိပ်-မြန်မာစစ် (၁၈၂၄-၁၈၂၆) အပြီး ရန္တပိုစာချုပ်အရ တနင်္သာရီတိုင်းသည် ဗြိတိသျှတို့လက်အောက်သို့ ရောက်ရှိသွားခဲ့သော်လည်း၊ မြန်မာမင်းတို့၏ အုပ်ချုပ်မှုအာဏာစက်နှင့် တော်လှန်ရေးစိတ်ဓာတ်တို့သည် ချက်ချင်းငြိမ်းသေသွားခြင်း မရှိခဲ့ပေ။ ဗြိတိသျှ

စာကြည့်တိုက်ရှိ ဘားနေးစာစု (Burney Collections) တွင် တွေ့ရှိရသော မဟာဥဇနာ၏ အမိန့်စာသည် ထိုခေတ်ကာလက ထားဝယ်မြို့၏ နိုင်ငံရေးနှင့် စစ်ရေးအခြေအနေကို ထင်ဟပ်နေသော အရေးကြီးသည့် သမိုင်းအထောက်အထားတစ်ခု ဖြစ်သည်။

သက္ကရာဇ် ၁၁၉၀ ပြည့်နှစ် (ခရစ်နှစ် ၁၈၂၈ ခုနှစ်) ဝန်းကျင်သည် မြန်မာတို့အဖို့ စစ်ရှုံးထားသည့် ကာလဖြစ်သော်လည်း နယ်ချဲ့တို့ကို ပြန်လည်တွန်းလှန်ရန် ကြိုးပမ်းနေသည့် အချိန်ဖြစ်သည်။ အဆိုပါ အမိန့်စာကို မင်းကြီးမင်းလှမဟာမင်းကြီးဥဇနာက ထားဝယ်ရေဝန်နေမျိုးရဲလှရွှေတောင်နော်ရထာထံသို့ ပေးပို့ခဲ့ခြင်း ဖြစ်သည်။ စာပါ အကြောင်းအရာအရ မြန်မာတပ်မတော်သည် မုတ္တမမြို့သို့ ချီတက်မည်ဖြစ်ကြောင်းနှင့် ထားဝယ်မြို့တွင်ရှိသော ကုလားရန်သူ (ဗြိတိသျှတပ်များ) သည် အင်အားနည်းပါးသဖြင့် တိုက်ခိုက်ချေမှုန်းရန် ညွှန်ကြားထားသည်။

၎င်းအချက်က ထိုစဉ်က မြန်မာအရာရှိများအကြား ဆက်သွယ်မှု ကောင်းမွန်နေဆဲဖြစ်ကြောင်းနှင့် "အရှင်ကျေးဇူး သစ္စာတော်မြတ်" ကို စောင့်သိလျက် နယ်ချဲ့တို့ကို မောင်းထုတ်ရန် အသင့်ရှိနေကြကြောင်း ပြသနေသည်။ နေမျိုးရဲလှရွှေတောင်နော်ရထာကဲ့သို့သော ဒေသခံအုပ်ချုပ်ရေးမှူးများသည် ဗြိတိသျှတို့ အုပ်စိုးစပြုနေသည့် ကာလတွင်ပင် မြန်မာမင်းထံ သစ္စာခံလျက် လျှို့ဝှက်စစ်ဆင်ရေးများကို ဆောင်ရွက်ခဲ့ကြသည်။

"မင်းကြီးမင်းလှမဟာမင်းကြီးဥဇနာ မှာလိုက်သည် ဒါဝယ်မြို့ရေဝန် နေမျိုးရဲလှရွှေတောင်နော်ရထာ မုတ္တမမြို့သို့ တပ်တော် ချီတက်မည် ဖြစ်၍ မင်မှာလည် အရှင်ကြေဇူ သစ္စာ တော်မြတ် ရှိသည်အတိုင်။ ကုလာရာန်သူကိုလည်။



ထားဝယ် ရေဝန်ထံ ပေးသည့်စာ Burney Collections, British Library, ၊ ဓာတ်ပုံ- သော်ဇင်လတ်

ဝယ်မြို့မှာ အနည်ငယ်မျှသာ ရှိကြောင်းများနှင့် ကြားသိရသည်ဖြစ်၍ လုပ်ကုန်တိုက်လံ ရမည် သကရာဇ် ၁၁၉၀ပြည့် တံခူလပြည့်ကျော် ၁၀ရက်နေ့မှာ ထာ ဆင့်ဆိုလိုက်သည်အတိုင်း ကျိုပန်ထမ်ရွက်ကြရမည်"

ဇင်းအရာ လက်ခံသည် မဟာ ဥဇန တပ်စာရေးရွှေရကူရေး၍ပေးလိုက်သည် လက်ခံစာအလွှာမှန်ပါသည်။

ထွေန်လက်မှတ်

၁၈၂၈ ခုနှစ်တွင် ထားဝယ်မြို့၌ ထင်ရှားသော တော်လှန်ရေးတစ်ခု ပေါ်ပေါက်ခဲ့သည်။ ထိုတော်လှန်ရေးကို ထားဝယ်ရေဝန် မောင်ဒါ က ဦးဆောင်ခဲ့သည်။ ဗြိတိသျှတို့၏ မှတ်တမ်းများအရ မြန်မာအရာရှိများသည် ဒေသခံတို့နှင့် ပူးပေါင်းကာ ဗြိတိသျှခံတပ်ကို ဝိုင်းရံတိုက်ခိုက်ခဲ့ကြသည်။ မဟာဥဇနာ၏ အမိန့်စာသည် ထိုတော်လှန်ရေးအတွက် စစ်ရေးအရှိန်မြှင့်ရန်နှင့် အားပေးကူညီရန် ရည်ရွယ်ခဲ့ခြင်း ဖြစ်နိုင်သည်။ ဤစာသည် ထားဝယ်ဒေသခံတို့၏ ဇာတိသွေးဇာတိမာန်နှင့် မိမိတို့နယ်မြေကို ပြန်လည်ရရှိရန် ကြိုးပမ်းမှုကို သက်သေထူနေပါသည်။ ဗြိတိသျှသံအမတ် ဟင်နရီ ဘားနေး (Henry Burney) စုဆောင်းခဲ့သော ဤပုရပိုက်စာမူသည် ထိုခေတ်က မြန်မာတို့၏ စစ်ရေးဆက်သွယ်မှုစနစ်၊ ဘွဲ့ထူးဂုဏ်ထူး အခေါ်အဝေါ်များနှင့် ရုံးသုံးစကားပြေအရေးအသားတို့ကို လေ့လာနိုင်သည့် ရတနာတစ်ခုဖြစ်သည်။ အထူးသဖြင့် "ရေဝန်" ဆိုသည့် ရာထူးသည် ထားဝယ်ကဲ့သို့ ပင်လယ်ကမ်းရိုးတန်းမြို့များတွင် ရေကြောင်းလုံခြုံရေးနှင့် ကုန်သွယ်ရေးကို ကိုင်တွယ်ရသည့် အရေးကြီးရာထူးဖြစ်ကြောင်း သိရှိရသည်။

ခြုံငုံသုံးသပ်ရလျှင် ၁၈၂၈ ခုနှစ်က ပေးပို့ခဲ့သော ဤအမိန့်စာသည် ရိုးရိုးစာတစ်စောင် မဟုတ်ဘဲ နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှု၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ နေမျိုးရဲလှရွှေတောင်နော်ရထာထံ ပေးပို့သည့် ဤညွှန်ကြားချက်သည် ထားဝယ်သူ ထားဝယ်သားတို့၏ မျိုးချစ်စိတ်ဓာတ်နှင့် မြန်မာ့အချုပ်အခြာအာဏာအတွက် ကိုယ်ကျိုးစွန့်ဆောင်ရွက်ခဲ့ကြသည့် သမိုင်းမှတ်တိုင်တစ်ခုအဖြစ် ယနေ့တိုင် တည်ရှိနေပါသည်။ ထိုထားဝယ်ရေဝန် နေမျိုးရဲလှရွှေတောင်နော်ရထာသည် မောင်ဒါ၏ မင်းပေးဘွဲ့အမည် ဖြစ်မည်လော။ ထိုအချက်ကို တိုက်ဆိုင်စစ်ဆေး

သင့်သည်။ မည်သို့ပင်ဖြစ်စေကာမူ ဤကဲ့သို့သော မှတ်တမ်းအထောက်အထားများက ကျွန်ုပ်တို့၏ ထားဝယ်သမိုင်းကို ပိုမိုခိုင်မာစေကာ နောင်လာနောက်သားတို့အတွက် ဂုဏ်ယူဖွယ်ရာ အမွေအနှစ်တစ်ခုပင် ဖြစ်ပါသည်။

▬ ထာနေစိုး

အကိုးအကား

၁။ ထားဝယ် ရေဝန်ထံ ပေးသည့်စာ Burney Collections, British Library

▪ ▪ ▪